# မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပပျောက်ရေးတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ထိုင်းဘုရင့်နိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ကျွန်ုပ်တို့အစိုးရ ကိုယ်စားလှယ်များအနေဖြင့်-

- မဲခေါင်ဒေသအတွင်းနှင့် အခြားကမ္ဘာ့နိုင်ငံအနှံ့သို့ ပျံ့နှံ့လျက်ရှိသောလူကုန်ကူးမှုများ၏ ဆိုးကျိုးများအား အထူးစိုးရိမ်လျက်ရှိကြပါကြောင်း၊

- လူသားများအား ကုန်ကူးခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း၊ ခေါင်းပုံဖြတ် ခံရစေခြင်းစသော အခြေခံလူ့အခွင့်အရေးဆုံးရှုံးစေမှုများကို လုံးဝဥဿုံ လက်ခံနိုင်ခြင်း မရှိသည်ကို အခိုင်အမာထုတ်ဖော်ကြပါကြောင်း၊

- ဆင်းရဲနွမ်းပါးမှု၊ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းနည်းပါးမှု၊ အခွင့်အရေးတန်းတူ မရရှိမှုစသည်တို့သည် လူတို့အား လူကုန်ကူးမှုခံရစေရန် ပိုမိုလွယ်ကူအောင် ဖန်တီးပေး နိုင်သည်ကို အသိအမှတ်ပြုကြပါကြောင်း၊

- လုပ်အားခေါင်းပုံဖြတ်ခြင်း၊ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းလုပ်ငန်းများ တိုးတက်ဖြစ်ပွား လာမှုနှင့်လူကုန်ကူးမှုတို့အကြား ဆက်စပ်မှုရှိကြောင်းကို ထပ်လောင်း၍အသိအမှတ်ပြုကြ ပါကြောင်း၊

- လိင်၊ အသက်အရွယ်၊ လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်စုနှင့် လူမှုအဖွဲ့အစည်းများအကြား အဆင့်အတန်းခွဲခြားသောသဘောထား၊ အလေ့အကျင့်များ၊ မူဝါဒများကြောင့်လူကုန်ကူးမှု ပိုမိုဖြစ်ပွားနေသည်ကို သတိပြုမိကြပါကြောင်း၊

- ကလေးသူငယ်နှင့်အမျိုးသမီးများသည် လူကုန်ကူးခြင်းခံရသူ သားကောင်များဖြစ်လွယ် သောကြောင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ကူညီပံ့ပိုးပေးရန်လိုအပ် ကြောင်းကို အလေးအနက်ထားကြပါကြောင်း၊

- လူကုန်ကူးမှုများတွင် ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများသာမက သာမန်ပြည်သူများပါ ပါဝင် ပတ်သက်နေသည်ကို စိုးရိမ်ပူပန်မိကြပါကြောင်း၊

- လူကုန်ကူးခြင်းခံရသည့် သားကောင်များအတွက် တရားမျှတ လုံခြုံမှုပေးနိုင်ရန်အတွက် သော်လည်းကောင်း၊ လူကုန်ကူးသူများနှင့် ဤလုပ်ငန်းမှ အမြတ်အစွန်းရရှိနေသူအားလုံး အား ဥပဒေဖြင့်အရေးယူမှုမှ ကင်းလွတ်မှုမရှိစေရေးအတွက်သော်လည်းကောင်း အာမခံ နိုင်မည့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေရန် အားသစ်လောင်း ပေးဖို့လိုအပ်ကြောင်းကို အသိအမှတ်ပြုပါကြောင်း၊

- လူကုန်ကူးသူများ၏ပိုင်ဆိုင်မှုများကို တားမြစ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ယင်းတို့ကို လူကုန် ကူးခံရသူများအကျိုးအတွက် ပြန်လည်အသုံးချခြင်းများအပါအဝင် လူကုန်ကူးသူများ အတွက် ပြစ်မှုနှင့်ဆီလျော်ကိုက်ညီသည့် ထိရောက်ဟန့်တားသောပြစ်ဒဏ်များချမှတ်ရန် အရေးပါသည်ကို သတိမူမိကြပါကြောင်း၊

- လူကုန်ကူးသူများအား ခိုင်မာစွာတရားစွဲဆိုရေးနှင့် လူကုန်ကူးမှုကို အောင်မြင်စွာတိုက် ဖျက်နိုင်ရန် လူကုန်ကူးခြင်းခံရသူ(သားကောင်)များ၏ဆန္ဒအလျောက် ပူးပေါင်းပါဝင် ဆောင်ရွက်မှု၏ အရေးပါအရာရောက်မှုကို အသိအမှတ်ပြုကြပါကြောင်း၊

- ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တရားစွဲဆိုအရေးယူခြင်း၊ ကယ်ဆယ်ခြင်း၊ ပြန်လည်လက်ခံခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ပိုမိုထိရောက်ခိုင်မာသော ပြစ်မှုဆိုင်ရာတရားစီရင်ရေးဖြစ်ထွန်းအောင် ကူညီပံ့ပိုးပေးခြင်းကိစ္စများတွင် လူကုန်ကူးခံရသူများအား အကူအညီပေးရေးအဖွဲ့အစည်းများ (Victim Support Agencies:VSA)သည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်းကို အသိအမှတ်ပြုကြပါကြောင်း၊

- နားလည်မှုစာချွန်လွှာမှ အသိအမှတ်ပြုထားသောသန္နိဋ္ဌာန်ချမှတ်ချက်များကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရများက မိမိတို့တစ်နိုင်ငံတည်းဖြစ်စေ၊ အခြားနိုင်ငံများနှင့်ပူးပေါင်း၍ဖြစ်စေ မိမိတို့အစွမ်းဆောင်နိုင်ဆုံး စွမ်းအားစုများဖြင့် အပြည့်အဝ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကို အသိအမှတ်ပြုကြပါကြောင်း၊

- လူ့အခွင့်အရေးဆိုင်ရာကမ္ဘာ့ကြေညာစာတမ်းနှင့် အထူးသဖြင့် ယင်းကြေညာစာတမ်း၏ ပုဒ်မ ၄ တွင် ဖော်ပြသည့်အတိုင်း "မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ကျေးကျွန်ပြုခြင်း၊ ကျွန်ကဲ့သို့သဘောထားခြင်းမပြုစေရ၊ ကျွန်ရောင်းကျွန်ဝယ်ပြုခြင်းကို မည်သည့်ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ ခွင့်မပြုရဆိုသည့်ပြဋ္ဌာန်းချက်ကို ထပ်လောင်းအသိအမှတ်ပြုပါကြောင်း၊

- လူကုန်ကူးခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့်သက်ဆိုင်သော အောက်ဖော်ပြပါအပြည်ပြည်ဆိုင်ရာစာချုပ်များတွင် ပါဝင်ခဲ့ပြီးဖြစ်သည့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိနိုင်ငံများအား ချီးကျူးပါကြောင်းနှင့် ထိုစာချုပ်များတွင် ဝင်ရောက်ခြင်းမရှိကြသေးသည့် နိုင်ငံများကိုလည်း အမြန်ဆုံးဝင်ရောက်ကြရန် တိုက်တွန်းအားပေးပါကြောင်း-

  (က) နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် အမျိုးသမီးနှင့် ကလေးငယ်များအထူးပြုသောလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်၊

  (ခ ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW)၊

  (ဂ ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း:(CRC)နှင့် ကလေးသူငယ်များအားရောင်းချခြင်း၊ ပြည့်တန်ဆာပြုခြင်းနှင့် ညစ်ညမ်းဓါတ်ပုံများဆိုင်ရာနောက်ဆက်တွဲစာချုပ်နှင့်၊ ကလေးသူငယ်များအား လက်နက်ကိုင်တိုက်ပွဲများတွင်ထည့်သွင်းအသုံးချခြင်းဆိုင်ရာ နောက်ဆက်တွဲစာချုပ်၊

  (ဃ) အတင်းအဓမ္မခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် အတင်းအဓမ္မခိုင်းစေခြင်းကိုလုံးဝပယ်ဖျက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များပါရှိသော အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ကွန်ဗင်းရှင်း (၂၉ နှင့် ၁၀၅)၊

  (င ) ကလေးသူငယ်များအား အဆိုးရွားဆုံးပုံသဏ္ဌာန်ဖြင့် ခိုင်းစေခြင်းမှ တားမြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ပါရှိသော အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ကွန်ဗင်းရှင်း (၁၈၂)၊

- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UNHCHR)မှ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီသို့ ၂၀၀၂ ခုနှစ်တွင် တင်သွင်းသည့်အစီရင်ခံစာတွင်ပါရှိသော လူ့အခွင့်အရေးနှင့် လူကုန်ကူးခြင်းဆိုင်ရာမူဝါဒများနှင့်လမ်းညွှန်ချက်များ၏အရေးပါမှုကို ထပ်လောင်း၍ အတည်ပြုကြပါကြောင်း၊

- လက်ရှိဆောင်ရွက်နေသည့် ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် သန္နိဋ္ဌာန်ချထားမှုများကို ထပ်လောင်း၍အတည်ပြုကြပါကြောင်း၊

- ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြားချုပ်ဆိုခဲ့သည့် ကလေးသူငယ်နှင့်အမျိုးသမီးအား လူကုန်ကူးမှုပပျောက်ရေးနှင့် လူကုန်ကူးခြင်းခံရသူများအား အကူအညီပေးရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်မှာ ရှေ့ဆောင်လမ်းပြသဖွယ်ဖြစ်သည်ကို ကြိုဆိုပါကြောင်းနှင့် မဲခေါင်မြစ်ဝှမ်းဒေသတွင် အလားတူသဘောတူစာချုပ်များပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းမှုမှန်သမျှကို ကြိုဆိုပါကြောင်း၊

- ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့ အသီးသီးအကြားချုပ်ဆိုထားသည့် အလုပ်သမားများခန့်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကဲ့သို့သော လုံခြုံ၍စည်းကမ်းကျနသည့် ရွှေ့ပြောင်းသွားလာနေထိုင်မှုကို တိုးတက်ဖြစ်ပေါ်စေခြင်းအားဖြင့် လူကုန်ကူးမှုကိုဖြစ်ပေါ်စေသည့် တရားမဝင်ရွှေ့ပြောင်းသွားလာနေထိုင်မှုကို လျော့နည်းကျဆင်းစေလျှက်ရှိသည့် နှစ်နိုင်ငံသဘောတူစာချုပ်များ၏ အရေးပါမှုကို ကြိုဆိုပါကြောင်း၊

- ဤနားလည်မှုစာချွန်လွှာသည် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးအတွက် ကျွန်ုပ်တို့နိုင်ငံအစိုးရများ၏မူဝါဒအရ လိုလားဆန္ဒရှိမှုကို အပြည့်အဝထင်ဟပ်ပေါ်လွင်စေပါကြောင်း၊

- မိမိတို့မဲခေါင်မြစ်ဝှမ်းနိုင်ငံများအပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အခြားနိုင်ငံများအနေဖြင့် လက်တွဲဆောင်ရွက်စေရန်ကို ဖိတ်ခေါ်ပါကြောင်း၊

သို့ပါ၍ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရေးအတွက် တည်ကြည်လေးနက်စွာ သန္နိဋ္ဌာန်ချထားကြပါသည်။

## ၁။ မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (နိုင်ငံအတွင်းနှင့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု)

(က) အမျိုးသမီးနှင့်ကလေးငယ်များအထူးပြုလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲသဘောတူစာချုပ်တွင်ပါရှိသော လူကုန်ကူးမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အသုံးပြုရန်တိုက်တွန်းအားပေးရေး၊

(ခ ) လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် စီမံကိန်းများတိုးတက် အကောင်အထည်ဖော်ရေး၊

(ဂ ) လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာအမျိုးသားစီမံကိန်းအကောင်အထည်ဖော်ရေးနှင့် အခြားတားဆီးကာကွယ်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့်ကော်မတီနှင့် ကဏ္ဍအလိုက်ကော်တီများ ဘက်စုံကဏ္ဍစုံတွင် ဖွဲ့စည်းထူထောင်ရေး၊

(ဃ) ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းဖလှယ်မှုတိုးမြှင့်နိုင်ရန် ယန္တရားများဖန်တီးရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အမျိုးသားအဆင့်ဆက်သွယ်မှုဗဟိုဌာန (National Focal point) များ သတ်မှတ်ရေး၊

(င ) နှစ်နိုင်ငံနှင့် နိုင်ငံအများ သဘောတူစာချုပ်များဖြင့် ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ရေး၊

(စ ) လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာရေး၊

## ၂။ ဥပဒေပြုရေး၊ တားဆီးနှိမ်နှင်းရေးနှင့်တရားစီရင်ရေးဆိုင်ရာ ကဏ္ဍ

(က) လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် သင့်လျော်သောဥပဒေကို အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်းရေး၊

(ခ) စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ခြင်းလုပ်ငန်းများ တိုးမြှင့်နိုင်ရေးနှင့် မည်သို့သောပုဂ္ဂိုလ်များသည် လူကုန်ကူးခံရသူများဖြစ်သည်ဆိုသည်ကို လျင်မြန်မှန်ကန်စွာ သိမြင်ဖော်ထုတ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား သင်တန်းများပေးခြင်းနှင့် သင့်တော်သောလမ်းညွှန်မှုများ ပြဋ္ဌာန်းပေးရေး၊

(ဂ) လူကုန်ကူးမှုကျူးလွန်သည့် တရားခံများအား ပြည်တွင်းဥပဒေနှင့်အညီ စုံစမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းတို့ကို ဆောင်ရွက်ရေး၊

(ဃ) လူကုန်ကူးခြင်းခံရသူများအား ဥပဒေဆိုင်ရာအကူအညီပေးခြင်းနှင့် ၎င်းတို့နားလည်သော ဘာသာစကားဖြင့် သတင်းအချက်အလက်များပေးနိုင်ရန် ဆောင်ရွက်ရေး၊

(င) လူကုန်ကူးသူများ ဥပဒေဖြင့်အရေးယူခံရခြင်းမှကင်းလွတ်နိုင်သည့် အခွင့်အရေးမရရှိရေးနှင့် လူကုန်ကူးခံရသူ(သားကောင်)များ တရားမျှတမှုခံစားစေရေးအတွက် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် လက်တွေ့ကျပြီး ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး၊

(စ) လူကုန်ကူးမှုကို ပြစ်မှုဆိုင်ရာတရားစီရင်ရေးလုပ်ငန်းစဉ်ဖြင့် တိုက်ဖျက်နိုင်ရေးအတွက် မဲခေါင်ဒေသအတွင်းရှိနိုင်ငံများအကြား တားဆီးနှိမ်နှင်းရေးအဖွဲ့အချင်းချင်း နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(ဆ) လူကုန်ကူးမှုတိုက်ဖျက်ရေး စွမ်းရည်မြင့်မားရေးအတွက် တားဆီးနှိမ်နှင်းရေးအဖွဲ့အစည်းများကို လိုအပ်သည့်လူအင်အားနှင့်ရန်ပုံငွေများ ဖြည့်တင်းထောက်ပံ့ရေး၊

(ဇ) တရားစီရင်ရေးကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးနိုင်ရေးအတွက် မဲခေါင်ဒေသအတွင်းနိုင်ငံများအကြား နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအချင်းချင်းသဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး၊

## ၃။ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေးကဏ္ဍ

(က) လူကုန်ကူးမှုခံရသူ (သားကောင်)များနှင့်ပတ်သက်သည့် လုပ်ငန်းကိစ္စတိုင်းတွင် လိင်ကွဲပြားမှု၊ ကလေးသူငယ်ပြစ်မှုတို့နှင့်စပ်လျဉ်း၍ အလေးထားထည့်သွင်းစဉ်းစားပြီး အထူးဂရုပြုဆောင်ရွက်ရေး၊

(ခ) လူကုန်ကူးခံရသူ(သားကောင်)များအား တားဆီးနှိမ်နှင်းရေးအဖွဲ့အစည်းများမှ ဖမ်းဆီးချုပ်နှောင်မှုမပြုစေရေး၊

(ဂ) လူကုန်ကူးခံရသူ (သားကောင်)များအား နေရာထိုင်ခင်း၊ သင့်တင့်သောရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း-လူမှုဆိုင်ရာ၊ ဥပဒေရေးရာ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကူညီထောက်ပံ့မှုများ ပေးရေး၊

(ဃ) လူကုန်ကူးခံရသူ (သားကောင်)အဖြစ် ကျရောက်ခံခဲ့ရသူများအား ကာကွယ်ထောက်ပံ့ရေးမူဝါဒနှင့် ယန္တရားများအား သတ်မှတ်ပြဋ္ဌာန်းရေး၊

(င) လူကုန်ကူးခံရသူများအား ထိရောက်သောကူညီမှုပေးနိုင်ရန် ကောင်စစ်ဝန်ရုံးများနှင့် သံရုံးများ၏စွမ်းဆောင်ရည် မြှင့်တင်ပေးရေး၊

(စ ) လူကုန်ကူးခံရသူများ နေရပ်သို့ လုံခြုံစိတ်ချကောင်းမွန်စွာ ပြန်လည်ရောက်ရှိနိုင်ရေး အတွက် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုအား တိုးမြှင့်ပေးရေး၊

(ဆ) လူကုန်ကူးခံရသူများအား စနစ်တကျပြန်လည်ထူထောင်ပေးနိုင်ရေးနှင့် ထပ်မံ၍ လူကုန် ကူးခြင်းမခံရရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊

## ၄။ ကြိုတင်ကာကွယ်ရေးကဏ္ဍ

(က) ဆင်းရဲမှုလျှော့ချရေး အစီအစဉ်များချမှတ်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများ ဖော်ထုတ် ပေးခြင်း၊ ပညာသင်ကြားမှုအခွင့်အရေးများဖန်တီးပေးခြင်းနှင့် ကျွမ်းကျင်မှုသင်တန်းများ ပေးခြင်း၊ မွေးစာရင်းအစရှိသော ပုဂ္ဂိုလ်ရေးဆိုင်ရာစာရွက်စာတမ်းများစီစဉ်ပေးခြင်းများ အပါအဝင် ရပ်တည်ရန်ခက်ခဲသောအခြေအနေများ လျှော့နည်းပပျောက်ရေးစီမံချက်များ ပြဌာန်းရေး၊

(ခ ) လူကုန်ကူးခံရမှု ဖြစ်နိုင်ဖွယ်ရှိသူများအား ဆောလျင်စွာဖော်ထုတ်နိုင်ရေးအတွက် လိုအပ် သည့် စောင့်ကြည့်အဖွဲ့အစည်းများနှင့်လူထုအား ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကိုအားပေးရေး၊

(ဂ ) လူကုန်ကူးခြင်း၏အန္တရာယ်နှင့် ဆိုးကျိုးများအပြင် လူကုန်ကူးခြင်းခံရသူများအား အကူ အညီပေးရေးဆိုင်ရာသတင်းအချက်အလက်များကို အများပြည်သူတို့သိရှိနိုင်စေရန် လူထု အတွင်း ဟောပြောပွဲများပြုလုပ်ခြင်း၊ ပညာပေးခြင်းအပါအဝင် လူထုအသိပညာပေးရေး လုပ်ငန်းများကို နေရာအနှံ့တွင် တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) အဆင့်အတန်းခွဲခြားမှုမရှိရေးနှင့် တန်းတူညီမျှမှု မူဝါဒများကိုအခြေခံသော လုပ်သားရေး ရာဥပဒေများကို လိုက်နာစေရေး၊

(င ) မဲခေါင်မြစ်ဝှမ်းဒေသ မဟုတ်သောနိုင်ငံများအပါအဝင် ဆိုက်ရောက်ရာနိုင်ငံများအနေဖြင့် လူကုန်ကူးမှုလိုအပ်ချက်ကို တိုးပွားစေသော လူကုန်ကူးခံရသူများ၏လုပ်အားကို ခေါင်းပုံ ဖြတ်လက်ခံထားမှုများကို ပြည်တွင်းဥပဒေများဖြင့် ထိရောက်စွာတားဆီးနှိမ်နင်းခြင်း ဖြင့် လူကုန်ကူးမှုများအားလျှော့ချရေးနှင့် အမျိုးသမီးနှင့်ကလေးများအား လူကုန်ကူးသည့် ပြစ်မှုများအား တားဆီးနှိမ်နင်းရာ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြရေး၊

(စ ) လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍများ အထူးသဖြင့် ခရီး သွားလုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်းများအနေဖြင့် တက်ကြွစွာပူးပေါင်းပါဝင်စေရေး၊

## ၅။ ဤနားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် သုံးသပ်အကဲ ဖြတ်ခြင်းဆိုင်ရာကဏ္ဍ

(က) လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒေသခွဲအတွင်းကနဦးလုပ်ငန်းစီမံချက် (၂၀၀၅-၂၀၀၇) ကိုရေးဆွဲခြင်းနှင့် ဤစီမံချက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ ) လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်များစုဆောင်းမှု ဆန်းစစ်သုံးသပ်မှုတို့အတွက် လုပ်ထုံးလုပ်နည်းများရေးဆွဲရေးနှင့် မှန်ကန်တိကျပြီး လတ်တလောကျသည့် သုတေသန လုပ်ငန်းအတွေ့အကြုံနှင့် ဆန်းစစ်သုံးသပ်ချက်များကိုအခြေခံသည့် လူကုန်ကူးမှုဆိုင်ရာ မဟာဗျူဟာများချမှတ်နိုင်ရေး၊

(ဂ ) အဆင့်မြင့်အရာရှိကြီးများ၏ နှစ်စဉ်အစည်းအဝေးများအပါအဝင် ဤနားလည်မှုစာချွန်လွှာနှင့်ပတ်သက်၍ နိုင်ငံအသီးသီး၏ အကောင်အထည်ဖော်မှုအခြေအနေအား သုံးသပ်အကဲဖြတ်ရာတွင် လိုအပ်သည့်စောင့်ကြည့်ကြပ်မတ်ရေးဆိုင်ရာ စနစ်တည်ထောင်ရေး၊

(ဃ) ၂၀၀၇ ခုနှစ် နှောင်းပိုင်းတွင်ကျင်းပမည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ ဝန်ကြီးအဆင့်အစည်းအဝေးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်ကို လေ့လာသုံးသပ်ရေးနှင့် ဒေသခွဲစီမံကိန်းအသစ် ချမှတ်ပြဋ္ဌာန်းရေး၊

(င ) COMMIT အတွင်းရေးမှူးအဖွဲ့တာဝန်ယူထားသည့် UNIAP နှင့်အခြားမိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံအသီးသီး၌ အထူးလုပ်ငန်းအဖွဲ့ (Task Force) တစ်ဖွဲ့စီ တည်ထောင်ရေး၊

(စ ) မကြာမီပြဋ္ဌာန်းမည့် လုပ်ငန်းစီမံချက်နှင့်တကွ ဤနားလည်မှုစာချွန်လွှာပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရေးအပါအဝင် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းဆောင်ရွက်ချက်များကို ငွေကြေး၊ ပစ္စည်း၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများထံမှ ကူညီထောက်ပံ့မှုများ ဖိတ်ခေါ်ရေး၊

(ဆ) နားလည်မှုစာချွန်လွှာကို အနာဂါတ်တွင် ပြင်ဆင်ရန်လိုအပ်လာပါက ပြင်ဆင်နိုင်ရေးအတွက် အောက်ပါလုပ်ငန်းစဉ်များအား ချမှတ်ထားရှိပါသည်-

  (၁) လက်မှတ်ရေးထိုးထားသော ၆ နိုင်ငံအနက်မှ ၄ နိုင်ငံအစိုးရများမှ MoU အားပြင်ဆင်သင့်သည်ဟုယူဆလျှင် အတွင်းရေးမှူးအဖွဲ့ထံ စာဖြင့်အကြောင်းကြားရမည်ဖြစ်ပြီး အတွင်းရေးမှူးအဖွဲ့မှ နှစ်ဦးနှစ်ဖက်အဆင်ပြေချောမွေ့အောင် ညှိနှိုင်းဆောင်ရွက်သွားရမည်။

  (၂) MoU ကို ပြင်ဆင်လိုကြောင်း ရည်ရွယ်ချက်နှင့် ပြင်ဆင်ပြောင်းလဲလိုသောအချက်များကို အဆိုပြုတင်ပြရမည်။

  (၃) MoU ၏ ပြင်ဆင်ချက်တစ်စုံတစ်ခုအား အဖွဲ့ဝင် ၆ နိုင်ငံစလုံးမှ တစ်ညီတစ်ညွတ်တည်း သဘောတူရမည့်အပြင် နိုင်ငံအသီးသီးမှအတည်ပြုကြောင်း အတွင်းရေးမှူးအဖွဲ့သို့ စာဖြင့်အကြောင်းကြားရမည်။